# အသက်ကြီးသူများအတွက် COVID-19 ပံ့ပိုးမှု ဖုန်းလိုင်း (Older Person's COVID-19 Support Line)

အသက်ကြီးသူများအတွက် COVID-19 ပံ့ပိုးမှု ဖုန်းလိုင်း (Older Person's COVID-19 Support Line) သည် အသက်အရွယ် ပိုမိုအိုမင်းသော ဩစတြေးလျနိုင်ငံလူများအား အကြောင်းကြားပေးသည်၊ ပံ့ပိုးပေးသည့်အပြင် အဆက်အသွယ်လုပ်ပေးပါသည်။

အသက်အရွယ် ပိုမိုအိုမင်းသောလူအချို့မှာ COVID-19 အပေါ် ပိုမိုထိခိုက်လွယ်သော်လည်း အင်တာနက်နှင့် အဆက်အသွယ်ရရှိမှု ပိုမိုနည်းပါးပြီး သူတို့၏ အခြေအနေများအတွက် သတင်းအချက်အလက်များကို ရယူရန် နည်းလမ်းများ လိုအပ်ပါသည်။ အသက်ကြီးသူများအတွက် COVID-19 ပံ့ပိုးမှု ဖုန်းလိုင်းသည် အသက်အရွယ် ပိုမိုအိုမင်းသော ဩစတြေးလျနိုင်ငံလူများအား သတင်းအချက်အလက်များကို အကြောင်းကြားပေးပြီး ပံ့ပိုးပေးသည်။

အသက်အရွယ် ပိုမိုအိုမင်းသော ဩစတြေးလျနိုင်ငံလူများ၊ ၎င်းတို့၏ မိသားစုများ၊ မိတ်ဆွေများနှင့် စောင့်ရှောက်သူများသည် **အခမဲ့ဖုန်း 1800 171 866** ကို အကယ်၍ သူတို့ အောက်ပါကိစ္စရပ်များ၌ ခေါ်နိုင်ပါသည်-

- COVID-19 ပိတ်ပင်ကန့်သတ်ချက်များအကြောင်းနှင့် သူတို့အပေါ် ၎င်း၏ သက်ရောက်မှုအကြောင်း တစ်စုံတစ်ယောက်နှင့် ပြောဆိုလိုလျှင်
- အထီးကျန် ခံစားနေရလျှင် သို့မဟုတ် ချစ်ခင်ရသူများအတွက် စိုးရိမ်ပူပန်နေလျှင်
- တစ်စုံတစ်ယောက်ကို စောင့်ရှောက်နေရပြီး သတင်းအချက်အလက်အချို့ လိုအပ်လျှင် သို့မဟုတ် တစ်စုံတစ်ယောက်နှင့် ပြောဆိုလိုလျှင်
- သူတို့လက်ခံရရှိနေသည့် သက်ကြီးစောင့်ရှောက်ရေး ဝန်ဆောင်မှုများကို ပြောင်းလဲခြင်းအကြောင်း အကူအညီ သို့မဟုတ် အကြံဉာဏ် လိုအပ်လျှင်
- စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုအသစ်များ သို့မဟုတ် ဈေးဝယ်ခြင်းကဲ့သို့ မရှိမဖြစ် လိုအပ်သည့် အရာပစ္စည်းများ ရယူရန် အကူအညီ လိုအပ်လျှင်
- မှတ်ဉာဏ်ဆုံးရှုံးမှု ရောဂါ (Dementia) ရှိသည့် မိမိတို့ကိုယ်တိုင်၊ မိတ်ဆွေ သို့မဟုတ် မိသားစုဝင်တို့နှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှု ရှိနေလျှင်
- မိမိတို့ကိုယ်တိုင်အတွက် သို့မဟုတ် တစ်စုံတစ်ယောက်ယောက်အတွက် ကျန်းမာသာယာဝပြောရေးကို တစ်ခါတည်း သို့မဟုတ် ပုံမှန် စစ်ဆေးပေးရန် စီစဉ်လိုလျှင်

အသက်အရွယ် ပိုမိုအိုမင်းသော ဩစတြေးလျနိုင်ငံလူများ၊ ၎င်းသူတို့၏ ဆွေမျိုးများ၊ စောင့်ရှောက်သူများ၊ မိတ်ဆွေများ သို့မဟုတ် အထောက်အကူပြုပေးသူများသည်-

- ဖုန်း **1800 171 866** ကိုခေါ်နိုင်သည်
- နံနက် 8.30 နာရီ – ညနေ 6 နာရီ ဩစတြေးလျန်း အရှေ့ပိုင်း စံတော်ချိန် (AEST)၊ တနင်္လာမှ သောကြာ
- သူတို့ လိုအပ်နိုင်သည့် သတင်းအချက်အလက်များ သို့မဟုတ် ဝန်ဆောင်မှုများ အတွက်

အသက်ကြီးသူများအတွက် COVID-19 ပံ့ပိုးမှု ဖုန်းလိုင်းသည် အောက်ပါ အဖွဲ့အစည်းများ ပူးတွဲဆောင်ရွက်ပေးသည့် ကနဦးလုပ်ဆောင်ချက်ဖြစ်သည်-

- COTA Australia,
- Dementia Australia,
- National Seniors နှင့်

- OPAN,
- ဩစတြေးလျနိုင်ငံ အစိုးရထံမှ ရန်ပုံငွေ ပံ့ပိုးမှုဖြင့်ဖြစ်ပါသည်။

## ဘာသာပြန်နှင့် စကားပြန် ဌာန (Translating and Interpreting Service (TIS))

အင်္ဂလိပ်စကား မပြောတတ်သော အသက်အရွယ် ပိုမိုအိုမင်းသော ဩစတြေးလျနိုင်ငံလူမျိုးများသည်–

- TIS National ဖုန်း 131 450 ကိုခေါ်နိုင်သည်
- စကားပြန်ကို တောင်းဆိုပြီး
- Older Person's COVID-19 Support Line ကို ဖုန်းဆက်သွယ်ပေးရန် သို့မဟုတ် ဖုန်းနံပါတ် 1800 171 866 ကို ဆက်သွယ်ပေးရန် ပြောပါ။